# ငှက်ဖျားဆေးကို အညွှန်းအတိုင်း တိကျစွာသောက်သုံးခြင်းဖြင့် အမြစ်ပြတ်ကုသနိုင်သည်

## ပေါင်းစပ်ငှက်ဖျားပျောက်ဆေး (ကိုအာတမ်)




- ကိုအာတမ်သည် ငှက်ဖျားရောဂါကုသရာတွင် အန္တရာယ်ကင်း၊ ပြီးထိရောက်မှုအရှိဆုံး ဆေးဖြစ်ပါသည်။
  ကိုအာတမ်ဆေးကို ညွှန်ကြားသည့်အတိုင်း (၃)ရက်အတွင်း အကုန်သောက်ပါ။
- ဆေးကိုအဆီပါသည့်အစာ ဥပမာ - နွားနို့ နှင့် တွဲသောက်ပါ။
- ကိုအာတမ် ငှက်ဖျားဆေးသောက်ခြင်းကြောင့် ဆိုးကျိုးများ မဖြစ်စေပါ။
- အချို့သူများတွင် အနည်းငယ်မူးဝေခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းသွားခြင်းတို့ ဖြစ်တတ်သော်လည်း စိုးရိမ်ရန်မလိုပါ။ ဆေးကိုဆက်သောက်ပါ။



## ငှက်ဖျားရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်ရမလဲ



- ခြင်ကိုက်မခံရအောင်နေပါ။ ခြင်တစ်ခါကိုက်ရုံဖြင့် ငှက်ဖျားရောဂါရနိုင်သည်။
- အထိရောက်ဆုံးနှင့်အကောင်းဆုံးကာကွယ်နည်းမှာ ရာသီမရွေး ညစဉ် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်းဖြစ်သည်။

## ဆေးစိမ်ခြင်ထောင်ဆိုတာ ဘာလဲ

- ခြင်ထောင်စိမ်ဆေးပြားကိုဖျော်၍စိမ်ထားသော ခြင်ထောင်ဖြစ်သည်။
  ကလေးများ အပါအဝင်လူကို အန္တရာယ် မပြုနိုင်ပါ။



# ငှက်ဖျားရောဂါ
## သိကောင်းစရာ



## ငှက်ဖျားရောဂါ ဘာကြောင့်ဖြစ်ရသလဲ

ငှက်ဖျားပိုး သယ်ဆောင်ထားသည့်ခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်သည်။

World Health Organization
Country Office for Myanmar

3DF

# ခြင်မကိုက်အောင် ရာသီမရွေးနေရာမရွေး ခြင်ထောင်နှင့်အိပ်ပါ။

## ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့် အုပ်စုများ



တောထဲ
တောင်ထဲတွင်
အလုပ်လုပ်သူများ။



ငှက်ဖျားဖြစ်ပွား
တတ်သော
ဒေသရှိ
လုပ်ငန်းများတွင်
အလုပ်လုပ်သူများ။

ငှက်ဖျားဖြစ်ပွားတတ်သော
ဒေသရှိ ကိုယ်ဝန်ဆောင်
မိခင်နှင့် ကလေးငယ်များ။





ငှက်ဖျားခြင်ရှိသောဒေသတွင်
ညတက်၍
ခြင်ထောင်ဖြင့် မအိပ်သူများ။

## ငှက်ဖျားရောဂါဖြစ်လျှင် ဘယ်လိုလက္ခဏာတွေ ခံစားရမလဲ။



- ကိုယ်ပူကြီးခြင်း၊ ချမ်းတုန်ခြင်း၊ အလွန်ချွေးထွက်ခြင်း။
- ကိုယ်၊ လက်၊ ခြေ နာကျင်ကိုက်ခဲခြင်း။
- မူးဝေခေါင်းကိုက်ခြင်း။

## ဖျားပြီး (၂၄)နာရီအတွင်း ကုသမှုမခံယူလျှင်ရောဂါပြင်းထန်ပြီး အသက်ဆုံးရှုံးနိုင်သည်။





- ငှက်ဖျားရောဂါဟုသံသယရှိပါက ခေါ်ဆေးဆိုင်များမှ ဝယ်၍ဆေးမသောက်ဘဲ ဖျားပြီး (၂၄) နာရီအတွင်း သင့်ကျေးရွာရှိ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သား သို့မဟုတ် အစိုးရကျန်းမာရေးဌာနများသို့ သွားရောက်ပြသကုသမှု ခံယူပါ။
- ငှက်ဖျားရောဂါဟုသံသယရှိပါက သင့်ကျေးရွာရှိ စေတနာ့ဝန်ထမ်းလုပ်သားသို့မဟုတ် အစိုးရကျန်းမာရေးဌာနများတွင် အမြန်ငှက်ဖျားသွေးစစ်ကိရိယာဖြင့် သွေးစစ်ကြည့်ပါ။
- ငှက်ဖျားရောဂါရှိပါက ညွှန်ကြားချက်အတိုင်း ဆေးလုံးအရေအတွက် နှင့် အချိန်ကို တိကျစွာ သောက်သုံးပါ။

## အမြန်ငှက်ဖျား သွေးစစ်ကရိယာသည်…



- ဈေးနှုန်းသက်သာသည်။
- တိကျမှုနှင့် ထိရောက်မှုအရှိဆုံးဖြစ်သည်။
- အန္တရာယ်ပေးနိုင်သည့် ပြင်းထန်ငှက်ဖျားပိုး (ဖယ်ဆီပါရမ်) ကို စစ်ဆေးခြင်းဖြစ်ပြီး (၁၅) မိနစ်အတွင်း တိကျလျင်မြန်စွာ စစ်ဆေးနိုင်သည်။

3DF

World Health Organization
Country Office for Myanmar